စစ်ကိုင်းတိုင်းဒေသကြီး၊ယင်းမာပင်ခရိုင်
ဆားလင်းကြီးမြို့နယ်၊ဖောင်တော်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး စီမံချက် (VDP) (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖောင်တော်ကျေးရွာ၊ ဆားလင်းကြီးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ဖောင်တော်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆားလင်းကြီးမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်မှီးအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
ဖောင်တော်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဦးစားပေးစီမံချက်စာရင်း ၂၉
ဖောင်တော်ကျေးရွာကျေးရွာဖွံ့ဖြိုးရေစီမံကိန်း (VDP)ကော်မတီစာရင်း ၃၀
နောက်ဆက်တွဲ ၃၁
နောက်ဆက်တွဲ (၁) စီမံကိန်း ဧယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဧယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဧယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဧယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဧယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဧယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဧယား ၆ ဥစ္စာဓန အဆင့် အခြေအနေ
ဧယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်မည့်အိမ်ထောင်စုများ
ဧယား ၈ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဧယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဧယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဧယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဧယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဧယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဧယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းစရိယာ
ဧယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဧယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

●ယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
●ယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
●ယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
●ယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
●ယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
●ယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
●ယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊
ပြဿနာနှင့်အဓက်အခဲများ
●ယား ၂၄ ရွေးကြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
●ယား ၂၅ ရွေးကြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
●ယား ၂၆ ရွေးကြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
●ယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
●ယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
●ယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
●ယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတတ်မြောက်မှုနှုန်း
●ယား ၃၁ ကျောင်းတတ်နှုန်း
●ယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
●ယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
●ယား ၃၄ အဖြစ်များသော ရောဂါများ
●ယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုန်မှု
●ယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
●ယား ၃၇ သောက်သုံးရေ ရရှိမှု
●ယား ၃၈ အိမ်သာအမျိုးအစား
●ယား ၃၉ ကျား၊မရေးရာ ကိစ္စရပ်ဆိုင်ရာ
●ယား ၄၀ ကျေးရွာ၏ လမ်း တည်ရှိမှု အခြေအနေ
●ယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
●ယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
●ယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
●ယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
●ယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
●ယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
●ယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
●ယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

●ယား ၄၉ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဖောင်တော်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖောင်တော်ကျေးရွာ

ဆားလင်းကြီးမြို့နယ်

ပေါင်ဝအုပ်စု၊ဖောင်တော်ကျေးရွာ၏ကျေးရွာ သံယံဇာတပြမြေပုံ



ရည်ရွယ်ချက်

ဆားလင်းကြီးမြို့နယ် ပေါင်ဝအုပ်စု၊ဖောင်တော်ကျေးရွာ၌ ပြုလုပ်ကြသောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ် တွင် ကျေးရွာသူ /ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်

ၵင်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၵင်းတို့၏ သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၵင်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဖောင်တော်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်တွင် တည်ရှိသည်။ပေါင်းဝကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဆားလင်းကြီးမြို့၏ အရှေ့ဘက်(၃)မိုင်အကွာ ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ရှိသည်။ ကျေးရွာသည်မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းဒေ သဖြစ်သော ကြောင့် နှစ်စဉ်ရွာသွန်းသောမိုးရေချိန်မှာ (၄)မှ(၈) လက်မကြားရသောဒေသဖြစ်သည်။ကျေးရွာရှိစိုက်ပျိုးသီးနှံများမှာမိုးရေကိုသာအဓိကထား စိုက်ပျိုးရသည်။

(ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာထန်း၊ မန်ကျည်း၊ဇီး၊တမာ၊ကုက္ကို၊ ရှား၊ထနောင်း နှင့်ဆူးဖြူစသော အပင် များပေါက်ရောက်သည်။ ကျေးရွာသည်ချင်းတွင်း မြစ်နှင့်နီးသောကြောင့် နန်းတင်မြေနုများရှိ ပြီး မြေပဲကိုအဓိကထား၍စိုက်ပျိုးကြသည်။ယာမြေများမှာအဓိကအားဖြင့် ကုလားပဲ၊မတ်ပဲ၊မြေပဲ၊ နှမ်း၊နေကြာနှင့် ပဲစဉ်းငုံတို့ကို စိုက်ပျိုးကြသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က)လူဦးရေဆိုင်ရာအချက်လက်များ

ဖောင်တော်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၅၂)စုရှိပြီး ကျား(၁၃၃)ဦး၊မ(၁၆၂)ဦး၊ စုစုပေါင်း လူဦးရေ(၂၉၅)ဦးနေထိုင်ကြသည်။တစ်အိမ်လျှင်ပျမ်းမျှ(၅)ဦးနှင့်(၆)ဦးနှုန်းနေထိုင်ကြပြီး ဗမာလူမျိုး များဖြစ်ကြသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက်ပိုများပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဖောင်တော်ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာကျပန်းလုပ်ငန်းဖြစ်သောကြောင့်တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာနည်းပါးပါသည်။ ကျေးရွာတွင် ကျပန်းအလုပ်သမားများသည် သင့်တင့်သော နေ့စား လုပ်ခ ကိုရရှိကြသည်။ တောင်သူများသည်ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊နှမ်း၊ နေကြာ၊ပဲစဉ်းငုံစသော သီးနှံများစိုက်ပျိုးရရှိပြီးစီးပွားရေးအဆင်ပြေကြသည်။ ပွင့်လင်းရာသီတွင် ကျေးရွာမှနေ့စားအလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်ပန်းရံ၊ လက်သမား နေ့စား အလုပ်လုပ်ခြင်းဖြင့်ဝင်ငွေရရှိကြသည်။

ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင်အိမ်ထောင်စုအားလုံး၏ အိမ်ထောင်စု(၁၁)စုသည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များ ဖြစ်ကြပြီး အိမ်ထောင်စု(၁၆)စု သည်ချမ်းသာသည့်အဆင့်၊အိမ်ထောင်စု(၂၅)စုသည်အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ် ကြသည်။ ကျေးရွာတွင်လယ်ယာမြေ ပိုင်ဆိုင်မှု၊ လျှပ်စစ်မီးလက်လှမ်းမီမှု၊ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု ၊မြို့ပြဓရိယာ လက်လှမ်းမှီမှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့် ရှိသည်ဟု ပြောနိုင် ပါသည်။ အချို့အိမ်ထောင်စုများတွင်

ကျောက်စုတ်စက်လှေ အစရှိသောအသေးစားကိုယ်ပိုင်လုပ်ငန်း များရှိကြသည်။ ချမ်းသာသော လယ်သမား၊ ကုန်သည် အိမ်ထောင်စု များမှအပ အခြား လယ်သမားနှင့် ပန်းရံ လက်လုပ်လက်စား အိမ်ထောင်စု အချို့မှာလည်း စက်ချုပ်ခြင်း ဆန်ကြိတ် စက်၊ဆီကြိတ်စက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ငွေချေး ပေးနိုင်သော အိမ်ထောင်စုအချို့၊ မွေးမြူရေးသိုးဆိတ်ခြံပိုင်ရှင်နှင့် အစိုးရဝန်ထမ်း အိမ်ထောင်စု အချို့သည် ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဖောင်တော်ကျေးရွာတွင်မြေယာမဲ့ဆင်းရဲသားအိမ်ထောင်စု(၄၈)စုရှိပြီးအဓိကဝင်ငွေရလုပ်ငန်းမှာ ကျပန်းနေ့စား လုပ်ငန်း၊ရောင်းဝယ်ရေးနှင့်သင်ဖျာလုပ်ငန်းတွဲဖက်လုပ်ကိုင်ကြသည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း ၊လက်လီ၊ခေါင်းရွက်၊အမှုန့်ကြိတ်စက်စသော တစ်ပိုင်တစ်နိုင်လုပ်ငန်းများကိုလည်း ဝင်ရောက်လုပ် ကိုင်ကြသည်။ ကျေးရွာ၏ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု (ဂ) အဆင့်နှင့် (ဃ) အဆင့်မှ ၃၀% ဖြစ်သော အိမ်ထောင်စု(၄)စုကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်း ကောက်ယူပါသည်။ ထိုသို့စစ်တမ်းကောက်ယူရာတွင် ဆင်းရဲနှင့်အလွန် ဆင်းရဲအဆင့်ရှိ အိမ်ထောင်စု(၄)စုသည် (၆လ)နှင့်(၁၂လ)အောက်သာ ဝမ်းစာဖူလုံပြီး သူတစ်ပါးထံမှ ချေးငှားစားသောက်ကြောင်း တွေ့ရှိရ ပါသည်။ ကျန်အချိန်များတွင် တစ်နေ့လုပ်တစ်နေ့စားအဖြစ် ရပ်တည်ရသည်။ကျေးရွာရှိလယ်ယာမဲ့ ဆင်းရဲသောအိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်ငန်းကိုသာအများစုလုပ်ကိုင်ကြပြီးဆောင်းသီးနှံရိတ်သိမ်းပြီးနောက်တွင်အလုပ်အကိုင်မ ရှိသောကြောင့်ဝမ်းစာဝယ်စား၊ရန်အခက်အခဲနှင့်ကြုံတွေ့ရသည်။ကျေးရွာသည်မြေပြန့်ဒေသဖြစ်သော ကြောင့် ချုပုတ် ပေါများကာ အဆိပ်ပြင်းသောမြွေများရှိသောကြောင့် မြွေအန္တရာယ်စိုးရိမ်ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ဖောင်တော်ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များသွေး လွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားကြောင်းတွေ့ရ သည်။ကျေးရွာသူ/သားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ကျေးရွာဆေးပေးခန်း မရှိသော်လည်း အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်း ရရှိနိုင် သည်။ (၃မိုင်)အကွာအဝေးကို ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လက်လှမ်းမှီသည်။ ကျေးရွာတွင် ဆန်အလွယ်တကူ ဝယ်ယူရ ရှိနိုင်ခြင်း၊အလုပ်အကိုင် အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုများနေ့စဉ်ဝင်ငွေအသင့် အတင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘူယျအားဖြင့် အဟာရ ဓာတ်ချို့တဲ့မှုမရှိကြပါ။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဖောင်တော်ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့် ကောင်းမွန်မှုရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားပါသည်။ပညာတတ်များမွေးထုတ် ပေးနိုင်သော ကျေးရွာဖြစ်၍ အစိုးရဌာနများတွင်ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ တက္ကသိုလ် များတွင်ပညာ သင်ကြားနေသော ကျောင်းသားများလည်း ရှိပါသည်။ကျေးရွာတွင် အခြေခံ ပညာကိုပေါင်းဝ ကျေးရွာသို့သွားရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင် တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် မော်တော်လုပ်ငန်းမှအပ အခြားအလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(၈) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျားမတန်းတူ အခွင့်အရေးရှိကြပြီးကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာ လုပ်ငန်းခွင်တွင်အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊အမျိုးသားများသည် ပျိုးနှုတ်ခြင်း၊ လယ်ထွန်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ယဉ်ကျေးမှုပွဲတော်များတွင် (ဆောင်းရာသီတွင် တရားပွဲများကျင်းပခြင်း၊ ဆရာတော်၏ ဦးဆောင်မှုဖြင့် နွေရာသီတွင် ယဉ်ကျေးမှု သင်တန်းဖွင့်ခြင်း) အမျိုးသားနှင့် အမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည်အမျိုးသမီးများ ထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိကျားမတန်းတူအခွင့်အရေးရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဖောင်တော်ကျေးရွာတွင် လူမှုရေး၊ဘာသာရေး၊ယဉ်ကျေးမှုနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ ရှိပါသည်။ပြင်ပမှဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ တစ်ခုဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့၏ လုပ်ဆောင်ရမည့် အချက်အလက် အကြောင်းအရာများကို သေချာစွာ မသိရှိသောကြောင့် လုပ်ဆောင်မှုအားနည်းပါသည်။ ‘မေတ္တာသင်္ဘ’ဟူသော လူမှုကူညီရေး

အသင်းလည်းရှိပါသည်။ထိုအသင်းအနေဖြင့်ရွာ၏သာရေး၊နာရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်နေသော ကြောင့် အဆင်ပြေပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ဖောင်တော်ကျေးရွာတွင် တောင်သူအနည်းငယ်သာရှိပြီး ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသည်။ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင်ကုလားပဲ(၁၅)တင်း၊ မြေပဲ(၂၈)တင်း၊ ပဲစင်းငုံ(၁၂)တင်း ၊နှမ်း(၁၀)တင်း၊နေကြာ(၁၇)တင်းခန့်ထွက်ရှိပါသည်။ တောင်သူအများစုသည် လုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာရင်ဆိုင်ရ တတ်သည်။ စိုက်ခင်းများတွင် ကျရောက်တတ်သောဖျက်ပိုးများအတွက်ထိရောက်သောပိုးသတ်ဆေးနှင့် နှိမ်နင်းရေး နည်းစနစ်များကို တောင်သူများအနေဖြင့် လိုအပ်လျှက်ရှိသည်။ကျေးရွာမှ အိမ်ထောင်စု (၂)စုခန့်သည် စီးပွားဖြစ် သိုး၊ဆိတ်၊ဝက် မွေးမြူရေးကို လုပ်ငန်းလုပ်ကိုင်ကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာမှလယ်ယာမဲ့ အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက်အစိုးရဝန်ထမ်း၊ စက်ချုပ်ခြင်း၊ သင်ဖျာယက်လုပ်ခြင်း၊ လက်လီလက်ကားရောင်းဝယ်ခြင်း စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာတွင်းမှ သိုးဆိတ်ခြံများတွင် အငှားကျောင်းခြင်း စသော အငှားဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ အချို့ အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသည်။ လက်လုပ်လက်စားများ ဖြစ်၍ စိုက်ပျိုးရေးရာသီချိန်တွင် အလုပ်အကိုင်ပေါများပြီး ကျန်ကာလများတွင် လုပ်ငန်းနှင့် ဝင်ငွေမမှန်ခြင်း ကြောင့် စားဝတ်နေရေးခက်ခဲသည်။လူငယ်အများစုသည် ရန်ကုန်မြို့၊ မန္တလေး၊ မုံရွာမြို့ စသော မြို့ကြီးများ တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ နေ့စားလုပ်သားများ အဖြစ်ဝင်ရောက်လုပ်ကိုင်ကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ရွာပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များ စွန့်ပစ်မှု များပြားပါသည်။စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ခြင်း မရှိသော်လည်း ချင်းတွင်းမြစ်နှင့် နီးကပ်စွာတည်ရှိသောကြောင့် နှုန်းတင်မြေနများ ပေါများပါသည်။ကျေးရွာတွင် နှစ်စဉ်ရေလွှမ်းမိုးဒဏ်ကို ခံစားနေရပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဆားလင်းကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူလယ်သမားများအား စပါးသီးနှံတစ်ဧကလျှင် ချေးငွေ(၁၅၀,၀၀၀)ကျပ်နှုန်း၊ တောင်သူတစ်ဦးကိုအများဆုံး(၁၀) ဧကအထိထုတ်ချေးပေးပါသည်။ ချေးငွေကာလမှာ (၉)လခန့်ဖြစ်၍ အတိုးနှုန်းမှာတနှစ်လျှင် (၆)ကျပ်(၅၀)ပြား ဖြစ်သည်။ မိုးစပါးနှင့် ယာသီးနှံနှစ်သီးစလုံးချေးငွေရရှိကြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယာသီးနှံများအတွက်ချေးငွေမှာ တစ်ဧက(၂၀,၀၀၀)ကျပ်နှုန်း ဖြစ်သည်။ ကျေးရွာသမဝါယမအသင်းဖွဲ့စည်းထားပြီး မြို့နယ်

သမဝါယမဌာနသည် အဖွဲ့ဝင်များ ကို ချေးငွေထုတ်ပေးပြီးအတိုးနှုန်းမှာ(၁)ကျပ်(၅၀)ပြားဖြစ်သည်။ ထို့ပြင် ဆားလင်းကြီးမြို့ မြန်မာ့စီးပွားရေး ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေစုဆောင်းခြင်း၊ ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်ကြသည်။ ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေဝန်ဆောင် မှုများ မရှိပဲ လိုအပ်သောအခါ ချမ်းသာသော အိမ်ထောင်စုများထံမှချေးယူရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဖောင်တော်ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ပေါင်းဝရွာသို့ သွားရောက်၍ ပညာလေ့လာဆည်းပူးရပါသည်။ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းလည်းမရှိပါ။သောက်ရေ အတွက်လက်နှိပ်ရေတုံကင်နှင့်မော်တာသုံး ရေတုံကင်များ တပ်ဆင်သုံးစွဲကြပါသည်။ချမ်းသာသော အိမ်ထောင်စုများမှာ အိမ်သာကျင်းကို အုတ်နှင့်ပြုလုပ်သုံးစွဲပြီး ဆင်းရဲသော မိသားစုများမှာ ဝါးကာ၊ကပ်မိုး အိမ်သာများသာ သုံးစွဲနိုင်ကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင် လည်း ရိုးရာအကများဖြင့် ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင် နိုင်ခြင်းမရှိသေးချေ။ကျေးရွာသည် ဗုဒ္ဓဘာသာဝင်များနေထိုင်သော ကျေးရွာဖြစ်သောကြောင့်နှစ်စဉ် ဝါကျွတ်ပွဲတော်ကို ရိုးရာ အစဉ်အလာတိုင်း ကျင်းပပါသည်။နှစ်သစ်ကူး သင်္ကြန်ကာလတန်ခူးလတွင် လူငယ်များသည် ရေကစားခြင်း၊လူကြီးများသည် ဘုန်းတော်ကြီးကျောင်းတွင် ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် ဗုဒ္ဓဘာသာရိုးရာ အစဉ်အလာနှင့်အညီ ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

ကျေးရွာသည်မဟာဓာတ်အားလိုင်းမှာ၉၉၅၅၃၃၃၃ခုနှစ်တွင် ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့သောကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်ပါသည်။ ကျေးရွာအိမ်ထောင်စု (၅၂) စုရှိသည့်အနက်(၅၁)အိမ်ထောင်စုသည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းရှိပါသည်။ ကျန်(၁)အိမ်ထောင်စု သည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပဲ ဆိုလာစနစ်ဖြင့်သာ သုံးစွဲကြပါသည်။

ပခုက္ကူ ဆားလင်းကြီး မုံရွာသို့ ဆက်သွယ်သောကားလမ်းမသည် ကတ္တရာလမ်းဖြစ်သောကြောင့် ကောင်းမွန်သည်။ ဆက်သွယ်ရေး ကွန်ယက် များအားလက်လှမ်းမီခြင်းရှိပြီး ကျေးရွာသား အများစုသည် လက်ကိုင်ဖုန်း များသုံးစွဲနိုင်ကြပြီးသတင်းအချက်လက်များရရှိကြပါသည်။

(ဈ) ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

ဖောင်တော်ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပါသည်။မိုဘိုင်းဖုန်းကို အသုံးပြုနေကြသောကြောင့် သတင်းများကိုလိုအပ်သလို ရရှိနိုင်ပါသည်။အာမခံစနစ်မရှိပါ။ ရဲစခန်းသို့ အလွယ်တကူဆက်သွယ်နိုင်ပြီး ရာဇဝတ်ဖြစ်ပွားမှု နည်းပါးပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က)ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဖောင်တော်ကျေးရွာတွင် လျှပ်စစ်မီးကို သုံးစွဲနေရခြင်းကြောင့် ကျောင်းသားများစာကြည့်ရာတွင် အခက်အခဲမရှိနိုင်ပါ။ နွေရာသီဖြစ်လင့်ကစား ထင်းမီးမသုံးစွဲရသည့်နေလည့်အချိန်တွင်ပင် လျှပ်စစ်မီးကို အသုံးပြု၍ ချက်ပြုတ်နိုင်ပါသည်။ ကျေးရွာတွင် ပညာတတ်လူဦးရေ အသင့်တင့်ရှိပါသည်။ပညာရေးဆိုင်ရာ ဝန်ထမ်းများလည်းရှိပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးမှာကောင်းမွန်ကြပါသည်။ဆေးခန်းနှင့်လည်း လက်လှမ်းမှီပါသည်။ ရွာသားများအနေဖြင့် ဆိုးရွားသောရောဂါအခြေအနေနှင့်ရင်ဆိုင်ရသောအခါဆေးလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ဆေးကုသမှု ခံယူပါသည်။

သဘာဝအရင်းအမြစ်များတွင် မြစ်ရေကျချိန်တွင်ကျန်ရှိသောကျွန်းများပေါ်တွင် ပဲအမျိုးမျိုးကို စိုက်ပျိုးနိုင်ပါသည်။မုံရွာမြို့သို့ ကတ္တရာလမ်းဖြင့်သွားလာနိုင်ပါသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှု နည်းပါးပြီးတည်ငြိမ်အေးချမ်းပါသည်။ မိုဘိုင်းဖုန်းအသုံးပြုမှုကို အခြားလုပ်ငန်းများနှင့် ပတ်သတ်၍လည်း လက်လှမ်းမှီအသုံးပြုနိုင်ပါ သည်။ အင်တာနက်နှင့်ချိတ်ဆက်အသုံးပြုနိုင်သောကြောင့် အချက်အလက်များလည်း သင့်တင့်စွာသိရှိနိုင်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဖောင်တော်ကျေးရွာတွင်ငွေတိုးချေးသူများ၏ အတိုးငွေမှာ များပြားပါသည်။ဘဏ်များမှ ကျေးရွာသို့အရောက် ဝန်ဆောင်မှုပေးသော စနစ်မရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ပြုလုပ်ရာတွင် အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာသည် မြစ်နှင့်ချောင်းကြားတွင် တည်ရှိသောကြောင့် မိုးရာသီတွင် ချောင်းရေတိုက်စားခြင်းဒဏ်လည်း ခံစားရပါသည်။ချောင်းရေတိုက်စားမှုဒဏ်သည် နှစ်စဉ်နှစ်တိုင်းကြုံတွေ့ရပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ဖောင်တော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာယေဘုယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ ကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက် ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များ ကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ဖောင်တော်လူထုသည် အလုပ်အကိုင်ဖန်တီးခြင်း ၊အသက်မွေးဝမ်းကျောင်း ပညာများမှတစ်ဆင့် ဝင်ငွေရှာခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတတ်လာပါမည်။

(၂) ဖောင်တော်ကျေးရွာလူထု စာတတ်မြောက်လျှင် ကျေးရွာ၏ အသိပညာများကျယ်ဝန်းလာပြီး လုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်လာနိုင်ပါသည်။

(ခ) နည်းဗျူဟာ

ဖောင်တော်ကျေးရွာသည် အထက်ပါဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များသို့ရောက်ရှိရန် အောက်ပါအကောင်အထည် ဖော်ပြမှုများကို ဆောင်ရွက်သွားကြမည်။

၁။ ဖောင်တော်ကျေးရွာတွင် အပ်ချုပ်၊စက်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားရေဆေး၊ ဆေးမှုတ်၊ ဇာထိုး၊ပန်းထိုး အစရှိသည့် အခြားဝင်ငွေရလုပ်ငန်းများ တတ်မြောက်ရန် သင်တန်းများသို့ သင့်တော်သောသူများကိုရွေးချယ်၍ သင်ယူရန်စီစဉ်ပေးရပါမည်။ထို့ပြင် တတ်မြောက်ပါက ကိုယ်ပိုင်အသုံးချလုပ်ကိုင်နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်များ ချိတ်ဆက်ပေးရပါမည်။

၂။(က) ဖောင်တော်ကျေးရွာလူထု စာတတ်မြောက်ရန် အလွယ်တကူ စာပေသင်ယူနိုင်ရန်အတွက် မူလတန်းကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်မည်။

(ခ) ကျေးရွာတွင်းရှိ ဘွဲ့ရပညာတတ်လူငယ်များက မိမိရပ်ရွာ စာတတ်မြောက်နိုင်ရန်အတွက် တက်နိုင်သည့်ဘက်မှ တာဝန်ယူဆောင်ရွက်မည်။

(ဂ) ကျေးရွာလူထုကလည်း အားပေးလာစေရန် ၊ပညာတန်ဖိုးကို သိရှိလာစေရန် ပညာရေးဆိုင်ရာဟောပြောပွဲများ ကျင်းပပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများက လှုံ့ဆော်ပေးရမည်။

(ဃ)ပညာသည်သာရတနာ၊ ပညာရွှေအိုး လူမနိုး၊ပညာမြင့်မှ မျိုးတင့်မည် ဟူသော ဆိုရိုးစကားများအတိုင်း ကလေးများ ပညာ၏တန်ဖိုးကို သိရှိရန် ဆရာသည်သာ အခရာဟူသည့်အတိုင်း ဆရာများဘက်ကလည်း အင်အားရှိသမျှ အားပေးဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဖောင်တော်ကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံနှင့် ဆောင်းသီးနှံများအတွက် (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ဖောင်တော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ မုံရွာမြို့၊ ပခုက္ကူမြို့နှင့် မကွေးတို့သော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများ အလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ဖွံ့ဖြိုးတိုးတက်လာဖွယ် ရှိသော ဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

(ဃ)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ

လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကတ္တာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကတ္တာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်း သုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ငွင်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကတ္တာကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကတ္တာအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကတ္တာ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာ သူ/သား အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	မှတ်ချက်
စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု	**စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုတိုးတက်ရေးစီမံကိန်း** ၁။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်			လက်ရှိအဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းဆောင်ရည်များကိုတည်ဆောက်မည်၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၊ စီးပွားရေးအဖွဲ့များဖွဲ့စည်းနိုင်ရေး ကူညီဆောင်ရွက်မည်။ အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်မြို့နယ်နှင့်ပြင်ပအထောက်အပံ့များရရှိအောင်ဆောင်ရွက်မည်။	**ကျေးလက်ဦးစီး**
စိုက်ပျိုးရေး	**စိုက်ပျိုးရေး သီးနှံတိုးတက်ထုတ်လုပ်ရေးစီမံကိန်း** ၂။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း ၃။စိုက်ပျိုးရေးစရိတ်ချေးငွေ လုံလောက်စွာရရှိရန်ဆောင်ရွက်ခြင်း			စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍သီးနှံကောက်ကွယ်နိမ်နင်းနည်း၊မျိုးကောင်းမျိုးသန့်များရရှိရေးစသည့်နည်းပညာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ထောင်သူလယ်သမားအဖွဲ့ဖွဲ့စည်းပြီးအောက်ပါလုပ်ငန်းများကို ဆောင်ရွက်မည်။ (က)ကုလားပဲမျိုးကောင်းများရရှိအောင်ဆောင်ရွက်ခြင်း (ခ)သီးလှည့်စိုက်ပျိုးရေးနည်းပညာများရှိအောင်ဆောင်ရွက်ခြင်း (ဂ)သဘာဝမြေဩဇာများကိုပိုမိုသုံးနိုင်ရေးနှင့်နည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း စသောအစီအစဉ်များပါဝင်မည်ဖြစ်သည်။	**စိုက်ပျိုးရေး**
မွေးမြူရေး	**စီးပွားဖြစ်တိရစ္ဆာန်မွေးမြူ ရေးလုပ်ငန်းများတိုးတက်ရေးစီမံကိန်း** ၄။ရောဂါကာကွယ်ရေးအတွက်မွေးကွဲဦးစီးဌာနနှင့်ပူးပေါင်း၍ ကာကွယ်ဆေးပုံမှန်ထိုးနှံခြင်း ၅။ဥစားကြက်၊အသားစားကြက်များတိုးချဲ့မွေးမြူခြင်း			နွား၊သိုး၊ဆိတ်များတိုးချဲ့မွေးမြူနိုင်ရေးအတွက်နည်းပညာသန်ဆောင်မှုများလက်လှမ်းမီရေးဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ရောဂါကာကွယ်ဆေးများစုပေါင်းထိုးနှံခြင်း၊မွေးမြူရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ဥစားကြက်၊အသားစားကြက်မွေးမြူခြင်းများဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။	**မွေးကျွဲဦးစီးဌာန**

အားကစား	ကိုယ်ပြုပြင်သင်တန်း၊လျှပ်စစ်စက်ကရိယာပြုပြင်ရေးသင်တန်းများလူငယ်များရရှိအောင်ဆောင်ရွက်ခြင်း			စာကြည့်တိုက်ထိန်းသိမ်းရေးကော်မတီကိုပြန်လည်ဖွဲ့စည်း၍ မြို့နယ်ပြန်ဆက်ဌာနနှင့်ဆက်သွယ်ပြီးစာကြည့်တိုက်ပုံမှန်ဖွင့်လှစ်ခြင်းနှင့်၊စာအုပ်များရရှိဆောင်ရွက်မည်။အသက်မွေးဝမ်းကျောင်းမှသင်တန်းပေးသောအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ပြီးလူငယ်များအတွက်အောက်ပါအတတ်ပညာများရရှိအောင်ဆောင်ရွက်မည်။	
ကျေးရွာအဆောက်အအုံ	**ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း** ၁၃။ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း၊ကျောက်စရစ်ခင်းခြင်း ၁၄။ကျေးရွာစာကြည့်တိုက်ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း			ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်ကျေးလက်ဦးစီးဌာနနှင့်ဆက်သွယ်၍ဆက်သွယ်တင်ပြဆောင်ရွက်မည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသည်ရန်ပုံငွေနှင့်ဆောက်လုပ်ရေးလုပ်ငန်းနည်းပညာအထောက်အပံ့ရရှိနိုင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။	**ကျေးလက်ဦးစီး**

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စီမံကိန်း	**ဦးစားပေး အဆင့်**	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁။ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းရန်	၁	——				
၂။ သန့်ရှင်းသော သောက်သုံးရေ ရရှိရန်	၂	——				
၃။ အများသုံးအိမ်သာတည်ဆောက်ရန်	၃	——	——	——		
၄။ မိုးရေချောင်းပိတ်ဆို့ကာရံခြင်း	၄	——	——			
၅။ ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန်	၅	——				
၆။ အသေးစားချေးငွေတစ်ရပ် ထူထောင်ရန်	၆	——				
၇။ ဆေးပေးခန်းရရှိရန်	၇	——				
၈။ ငွေကြေးဝန်ဆောင်မှုလက်လှမ်းမှီမှု တိုးတက်အောင်ဆောင်ရွက်ခြင်း	၈		——			
၉။ စက်ယန္တရားမောင်းသင်တန်း၊ အီလက်ထရွန်စံစက်ပြုပြင်သင်တန်း၊လျှပ်စစ်စက် ကိရိယာပြုပြင်ရေး သင်တန်းများ လူငယ် များရရှိအောင်ဆောင် ရွက်ခြင်း	၉	——	——	——	——	
၁၀။ဥစားကြက်၊အသားစားကြက်များတိုး ချဲ့မွေးမြူ ခြင်း	၁၀	——				
၁၁။ ရောဂါကာကွယ်ရေးအတွက်မွေးကု ဦးစီးဌာနနှင့် ပူးပေါင်း၍ ကာကွယ် ဆေးပုံမှန် ထိုးနှံခြင်း	၁၁	——	——	——	——	

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း					
၂	သန့်ရှင်းသော သောက်သုံးရေရရှိရန်					
၃	အများသုံးအိမ်သာ တည်ဆောက်ရန်					
၄	မိုးရေချောင်း ပိတ်ဆို့ကာရံခြင်း					
၅	ကျေးရွာစာကြည့်တိုက်တည်ဆောက်ရန်					
၆	အသေစားချေးငွေတစ်ရပ်ထူထောင်ရန်					
၇	ဆေးပေးခန်း ရရှိရန်					
၈	ငွေကြေးဝန်ဆောင်မှုလက်လှမ်းမှီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း					
၉	စက်ယန္တရားမောင်းသင်တန်း၊ အီလက်ထရစ်စံက်ပြုပြင်သင်တန်း၊ လျှပ်စစ်စက် ကိရိယာပြုပြင်ရေးသင်တန်းများ လူငယ်များရရှိအောင်ဆောင် ရွက်ခြင်း					
၁၀	ဥစားကြက်၊အသားစားကြက်များတိုးချဲ့မွေးမြူ ခြင်း					
၁၁	ရောဂါကာကွယ်ရေးအတွက်မွေးကဉီးစီးဌာနနှင့် ပူးပေါင်း၍ ကာကွယ်ဆေး ပုံမှန် ထိုးနှံခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင် အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာအလယ်တန်း ကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် အလယ်တန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်း၊တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဖောင်တော်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို

စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေးခေါ်၍ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွဲ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၈) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို

